mgyoe.com
SAMPLE BOOK


မြနန္ဒာစာပေ
BOOKCASE BY SAW



# အတိတ်လေးပါပဲ...ဒါပေမဲ့
# အရိပ်လေးထဲလည်း နွေးတယ်

မြဒါလင်း

mgyoe.com SAMPLE.BOOK




“ နွေတဲ့ ... ကြွေရပြန်တယ်နော်
ကျွန်တော်တို့ ဘယ်တုန်းကမှ
မဆုံဖူးခဲ့ကြတဲ့ သူတွေလိုပါပဲ ... ”

9 250011 527909

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း
ထုတ်ဝေသည့် ခုနှစ်၊ လ – ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်)

ကျောဖုံးပန်းချီ – Ancient

ဒွန်ပျူတာစာစီနှင့်
စာမျက်နှာ ဖွဲ့စည်းမှုဒီဇိုင်း – ကောင်းမြတ်
စာစစ် – မော်ဝန်းသီဟ

ထုတ်ဝေသူ
ဒေါ်အိအိချို (၀၂၈၂၈)၊ မြဝတ်ချို စာပေ၊ အမှတ် (၂၀)၊ မိုလ်ချုပ်လမ်း
ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၅၀၀ ၁၁၅၂၁

ပုံနှိပ်သူ
ဦးကျော်ကျော် (မြ ၀၁၃၅၈)
အောင်သုတပုံနှိပ်တိုက်၊ အမှတ် (၉၂/အေ) ၊ စက်မှုဇုန် ၃ လမ်း။
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အုပ်ရေ – ၅၀၀
တန်ဖိုး – ၇၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# အတိတ်လေးပါပဲ...ဒါပေမဲ့

# အရိပ်လေးထဲလည်း နွေးတယ်

မြူဒါလင်း

mgyoe.com

mgyoe.com SAMPLE BOOK

[illegible]

[illegible]

[illegible]

mgyoe.com

mgyoe.com SAMPLE BOOK

## အမှာစာ

"မယ်" တဲ့။ ဒီစာအုပ်လေးထဲမှာ သုံးထားတဲ့ "မယ်" ဆိုတဲ့ နာမ်စားလေးက အမျိုးသမီးတစ်ယောက်ကို ရည်ညွှန်း သုံးနှုန်းထားတဲ့ စကားစုလေးပါပဲ။ ဒီစာအုပ်လေး ရေးတဲ့အချိန် တောင်ပေါ်မြို့ငယ်လေးမှာ ရှိနေခဲ့တာမို့ တောင်ပေါ်ဒေသရဲ့ အငွေ့အသက်လေးတချို့ ပါရှိနေခဲ့ပါတယ်။ "မယ်" ဆီ လွမ်းတဲ့အကြောင်းတွေ၊ သတိရတဲ့ အကြောင်းတွေကို ကဗျာစာစုတွေအဖြစ် ပြောင်းလဲရေးသားထားခြင်း ဖြစ်ပါတယ်။ စာရေးတိုင်း အမြဲထောက်ပံ့ပေးခဲ့တဲ့ ကျွန်တော့်အစ်ကိုကိုလည်း ဒီကနေပဲ ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။ တစိမ့်စိမ့်ခံစားချက်တွေနဲ့ "မယ်" က ကျွန်တော်မပိုင်ဆိုင်လိုက်ရတဲ့ နာမ်စားလေးလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါမှမဟုတ် အမျိုးသမီးငယ်လေးတစ်ဦးပေါ့ ...။

ချစ်ခြင်းများဖြင့် ...
မြူဒါလင်း

Myawuttcho-book-case by saw

mgyoe.com

mgyoe.com SAMPLE BOOK

သတိရခြင်းများစွာဖြင့်ပါ "မယ်" ...။

ကိုယ်နေတဲ့မြို့လေးရဲ့ အအေးဓာတ်က ဒီဇင်ဘာ၊ ဇန်နဝါရီဆို အရိုးထဲထိ စိမ့်နေအောင် အေးတယ်။ ထင်းရှူးတောတွေပေါ်တဲ့၊ ချယ်ရီတွေပွင့်တဲ့ မြို့ငယ်လေး၊ ရှမ်းရိုးရာနဲ့ ပအိုဝ့်ရိုးရာ အလှတွေနဲ့ ချစ်စရာမြို့လေးပေါ့ကွယ်။

ထင်းမီး ခပ်ရဲရဲလေးရဲ့ ဘေးမှာ လူနှစ်ယောက်၊ သုံးယောက်လောက် စုပြီး မီးလှုံနေတတ်တဲ့ အလေ့အထနဲ့ မြူတွေဆိုင်းတဲ့ ညနေတွေမှာ လူသွားလူလာလည်း တိတ်ဆိတ်နေတတ်ပါတယ်။

မင်းရှိတဲ့အရပ်က တောင်ပြာတန်းတွေက အခု မျက်ဝါးထင်ထင် မျက်စိရှေ့တင်ပါပဲ။ နေကြာရိုင်းတွေ ဝေဆာနေတဲ့ တောလမ်းကျဉ်းကျဉ်းလေးတွေ၊ တောင်တန်းတွေဆီက တိမ်ပင်လယ်တွေ၊ ဆယ့်နှစ်ရာသီ ပွဲတော်ရက်တွေနဲ့ မိုးဦးမှ ပွင့်တတ်တဲ့ ပန်းနုရောင် မိုးကြိုပန်းလေးတွေက နှစ်လိုဖွယ် မြို့ငယ်လေးဆီမှာ ဖူးပွင့်နေပါတယ်။

တစ်ခါတလေ မိုးအဆက်မပြတ် ခပ်စွေစွေ ရွာနေတတ်ပြီး မိုးအေးနဲ့ဆောင်းအေး ရောတဲ့ရက်တွေဆို အနွေးထည် နှစ်ထပ်ခြုံရင်တောင် မလုံပါ


mgyoe.com

mgyoe.com
SAMPLE BOOK

ဘူး "မယ်" …။ နွေဆိုတာကိုတောင် မသိအောင် ဆယ့်နှစ်ရာသီ အအေးဓာတ်လေး လွှမ်းခြုံထားတဲ့ မြို့ကလေးပေါ့ကွယ်။

ညနေ ညနေဆို မှိုင်းပျပျ မီးခိုးတန်းလေးတွေက တောင်ပေါ်က ခပ်လှမ်းလှမ်း အိမ်လေးတွေဆီက လွှမ်းမောစရာ မြင်ကွင်းလေးပါပဲ။ တရွေ့ရွေ့သွားနေတဲ့ ပေတစ်ရာလမ်းမပေါ်က ကုန်တင်ကားကြီးတွေ …။ ဘယ်လောက် လွမ်းလွမ်း အိမ်မပြန်ရသေးတဲ့ အိမ်ပြန်လမ်းလေးတွေ …။ ဒီစာတွေက သတိရခြင်းများစွာဖြင့်ပါ "မယ်" …။

တစ်ခါတလေ စိတ်ပြေလက်ပျောက် သတိရစိတ်နဲ့ ချရေးမိတဲ့ အတွေးလေးတွေပါကွယ်။ ကိုယ်ရှိနေတဲ့ မြင်ကွင်းကနေ မင်းကို မြင်စေချင်တဲ့ စိတ်လေးနဲ့ရယ်ပါ။

မင်းသိမလားတော့ မသိဘူး "မယ်" …။ လူတစ်ယောက်က အမှတ်တရတွေကို အားကိုးပြီး ဟိုးအဝေးကြီးက ဆက်သွယ်ဖို့ခက်တဲ့ လူတစ်ယောက်ကို ချစ်တယ်တဲ့။ တစ်ရက်ပြီးတစ်ရက်၊ တစ်နွေပြီးတစ်ဆောင်း ပြန်မလာသေးတဲ့လူကို စောင့်နေဖို့ ပြောခဲ့မိရင် ကိုယ် လွန်သွားမလား။ မင်းက ကိုယ့်ရဲ့ ကံတရားလေးပါပဲ "မယ်" …။

ဒီစာအုပ်လေးထဲမှာ မင်းကိုပြောချင်တဲ့ အကြောင်းတွေရယ်၊ ကိုယ့်အတွေးတွေရယ် ထည့်ရေးထားတယ်။ တစ်ခါတလေလည်း စိတ်ကူးယဉ်ထားတာမျိုးပေါ့။ တကယ်လို့ ဝေးများသွားရင် …၊ တကယ်လို့ ပြန်မဆုံခဲ့ကြရင် မင်းရော ကိုယ်ရော နှစ်ဦးစလုံး ဘယ်လိုဘဝမျိုးနဲ့များ ရှင်သန်နေကြမလဲလို့ တွေးမိတဲ့အကြောင်းတွေ အကြောင်းအရင်း မျိုးစုံပေါ့ကွယ်။

ကိုယ်ကိုယ်တိုင်က အတွေးလွန်တတ်လို့လို့ ပြောရင်ပြောပါ။ တကယ်က မင်းကို ချစ်လို့ပါပဲ။

*****


mgyoe.com

mgyoe.com SAMPLE BOOK

## ချစ်ရပါသော "မယ်" (၁)

ချစ်ခြင်းမေတ္တာမှာ တော်ရုံမေတ္တာမျိုးနဲ့တော့
မရှုံးနိုင်ဘူး "မယ်" ...
ရှုံးလောက်အောင် ချစ်ခဲ့မိလို့ ရှုံးခဲ့ရတာပါကွယ် ...။

အများကြီးတော့ မမေးတော့ပါဘူး
မင်း ကိုယ့်ကို ချစ်တော့ချစ်ခဲ့တယ် မဟုတ်လားဟင် ...။

မြို့ဒါလင်း

Myawuttcho-book-case by saw
mgyoe.com

mgyoe.com
SAMPLE BOOK

## ချစ်ရပါသော "မယ်" (၂)

လူတစ်ယောက်က တစ်သက်မှာတစ်ခါတော့
ရှူးစမြဲပဲမဟုတ်လား "မယ်" ...
မချစ်တော့ဘူးဆိုတဲ့အတွက်လည်း
ဘယ်နာကြည်းရက်ပါ့မလဲ
နှလုံးသားက ဦးနှောက်ထက် ပိုအားကြီးခဲ့တာကိုပဲ "မယ်" ...။

မြူဒါလင်း

Myawuttcho-book-case by saw
mgyoe.com

mgyoe.com
SAMPLE BOOK

ချစ်ရပါသော "မယ်" (၃)

ဘယ်တော့မှ မလွဲတော့ဘူးလို့ ထင်ခဲ့တာပဲလေ
ကိုယ်ဆွဲထားတဲ့ကြိုး ကိုယ့်လက်နာမှ
ရုန်းနေမှန်းသိတယ်။
ကိုယ်လွှတ်ပါတယ်ကွယ် ...
သံသရာအဆက်ဆက် မင်း ရုန်းထွက်နိုင်ပါစေ။

မြူဒါလင်း

mgyoe.com

mgyoe.com SAMPLE BOOK

## ချစ်ရပါသော "မယ်" (၄)

မင်းနဲ့ဝေးသွားရင် ဘာဖြစ်မယ် ညာဖြစ်မယ်သာ ပြောနေတာ
တကယ်တမ်းဝေးကြတော့
ကမ္ဘာကြီးက အေးအေးဆေးဆေးရယ်
ကိုယ်သာ အရုပ်ကြိုးပြတ်မတတ်ပါ "မယ်" ...။

မြူဒါလင်း

mgyoe.com

ချစ်ရပါသော "မယ်" (၅)

လူတစ်ယောက်က ဘဝမှာ
နှစ်ခါပဲ ကံကောင်းရင်တောင် ရတယ်တဲ့။
တစ်ကြိမ်က မင်းနဲ့ တွေ့ဆုံခြင်းဖြစ်ပြီး
နောက်တစ်ကြိမ်က ဘဝကို မင်းနဲ့ ပြီးဆုံးသွားစေတာမျိုးပေါ့။

မြူဒါလင်း

(တရုတ်စကားပုံတစ်ခုမှ ကိုးကား ကောက်နုတ်ရေးသားခြင်း ဖြစ်သည်)

mgyoe.com

## ချစ်ရပါသော "မယ်" (၆)

ခွင့်လွှတ်ပါ "မယ်" ...
မြင်မြင်ချင်း ချစ်ခဲ့ခြင်းမှ မဟုတ်ပဲကိုး
တစိမ့်စိမ့် ရင်ထဲတိုးဝင်ရင်း ချစ်ခဲ့မိတာဆိုတာမျိုးကိုတော့
ယုံစေချင်ပါတယ်။

မြူဒါလင်း

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ရပါသော "မယ်" (၇)

ကိုယ်သာမဆွဲခဲ့ရင် ဒီကြိုးတွေက
မခိုင်တော့ဘူး မဟုတ်လားဟင် ...
ဘယ်သူကများ ချစ်ရသူကို ဆုံးရှုံးချင်မှာလဲကွယ်
ကိုယ်ပဲ မျက်ကွယ်ပြုပါမယ်
မင်း နေသာသလို နေနိုင်ပါတယ်။

မြူဒါလင်း

mgyoe.com

mgyoe.com
SAMPLE BOOK

ချစ်ရပါသော "မယ်" (၈)

ငိုမရလို့ ပြုံးခဲ့ရတဲ့ တိမ်စိုင်တွေပါကွယ်
လောကကြီးမှာ ပြေးတဲ့သူနဲ့ လိုက်တဲ့သူ
ဘယ်သူ ပိုပင်ပန်းရပါသလဲ ...
ဘယ်လောက်နေသားကျတယ်ပြောပြော
သတိရခြင်းက ညနေခင်းဆို
အရက်ကလေး တမြမြနဲ့ပါ "မယ်" ...။

မြူဒါလင်း


mgyoe.com

mgyoe.com
SAMPLE BOOK

## ချစ်ရပါသော "မယ်" (၉)

အပိုင်မရတဲ့ ချစ်ခြင်းမေတ္တာကို လက်ဝယ်သိမ်းထားမှုနဲ့
သံသရာတစ်ပတ် သုံးဆယ့်တစ်ဘုံထဲ မင်းရှိတဲ့ဘုံလေးမှာ
အကျဉ်းကျခဲ့တဲ့ ရုပ်နာမ်ဟာ ကိုယ်ပါ "မယ်"...။
ချစ်ရပါတယ် ... လွမ်းရပါတယ် ...
မပိုင်ဆိုင်ခဲ့ပေမဲ့ လုံလောက်ခဲ့ပါတယ် "မယ်"...။

မြူဒါလင်း

Myawuttcho-book-case by saw
mgyoe.com

mgyoe.com
SAMPLE BOOK

ချစ်ရပါသော "မယ်" (၁၀)

မိုးတွေရွာနေတယ် "မယ်" ...
လွမ်းစရာရှိရင် နာစရာနဲ့ပြေဆိုတဲ့အတိုင်းပါပဲ
ဒီနေ့ မှူးအောင်သောက်ပြီး မင်းကိုရူးတဲ့အကြောင်းတွေ
ပြောဖြစ်ဦးမယ် ...။
ချစ်ခြင်းမေတ္တာမှာ အမှတ်သည်းခြေ မရှိပါဘူး "မယ်" ...။

မြူဒါလင်း


mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ရပါသော "မယ်" (၁၁)

ဘာကြောင့်လဲဆိုတာ သေချာမသိလိုက်ရဘဲ
တစ်ဖက်သတ် ရပ်တန့်ခံလိုက်ရတဲ့ အခြေအနေတွေဆိုတာ
တကယ်ရှိပါတယ်။
ဘယ်ဒဏ်ရာကိုမှ အလကားမရခဲ့ပါဘူး "မယ်" ...
ဆုံးရှုံးသွားမှာကြောက်လို့ အလိုက်တသိ နေခဲ့ရုံပါ
ဒီလက်လေး သံသရာတစ်ထောင့် မြဲပါရစေကွယ် ...။

မြူဒါလင်း

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ရပါသော "မယ်" (၁၂)

လမ်းခွဲမှ လမ်းလွဲသွားရတာ မဟုတ်ပါဘူး
တစ်ဖက်က အေးစက်သွားရင်
တစ်ဖက်က ပြိုလဲသွားရတာပါပဲ "မယ်" ...
ဘယ်လောက်အထိလဲဆိုရင်
သူစိမ်းနှစ်ယောက်ရဲ့ ဇာတ်လမ်းအစကနေ
သူစိမ်းတွေ ပြန်ဖြစ်သွားရတော့မဲ့အထိပါပဲ "မယ်" ...။

မြူဒါလင်း

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

## ချစ်ရပါသော "မယ်" (၁၃)

"မယ်" က ကျွန်တော့်ကိုထားသွားဖို့ တွေးထားခဲ့ပုံပါပဲ
ဘယ်တော့မှ မကြားရတော့မဲ့ ဖုန်းမြည်သံတစ်ခုနဲ့
ရောက်မလာတော့မဲ့ စာတစ်စောင် ...
ဒါက အဝေးကမြို့ငယ်လေးဆီသို့ အလွမ်းတွေပါ "မယ်"
ကျွန်တော့်ဘဝထဲ ထွက်ပြေးသွားခဲ့တာဆိုလို့
တလှပ်လှပ်နဲ့ တိမ်စိုင်တွေရယ် ... "မယ်" ရယ် ...။

မြူဒါလင်း

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ရပါသော "မယ်" (၁၄)

အိမ်ပြန်လမ်းလေးမှာ ကျောက်ခဲအစအနလေးတွေ
မြေနီလမ်းဘေးနားက တဖွေ့ဖွေ့ လှုပ်ယမ်းနေတဲ့
နေကြာရိုင်းပန်းလေးတွေ ...
"မယ်" ...
သတိရခြင်းတွေက မြို့ငယ်လေးဆီမှာ စိမ်းစိုနေပါတယ်။

မြူဒါလင်း


mgyoe.com

mgyoe.com
SAMPLE BOOK

## ချစ်ရပါသော "မယ်" (၁၅)

နောက်ဆုံးရထားပါပဲ "မယ်"...
မင်းမပါလို့ ပြေးမလိုက်ခဲ့တာပါ။
ညနေခင်း ရီဝေဝေအချိန်လေးတွေဆို မင်းကို သိပ်သတိရတာပဲ
ကမ္ဘာကြီးကို ပြောင်းပြန်လည်စေဖို့၊
အတိတ်တွေထဲက မင်းကို ပြန်ရှာဖို့။
လူတိုင်းကတော့ တစ်စုံတစ်ယောက်ရဲ့ ရင်ထဲမှာ
တစ်ဦးဆိုင်နာမ် ဖြစ်ချင်ကြတာပါပဲ "မယ်" ...။

မြူဒါလင်း

mgyoe.com

mgyoe.com SAMPLE BOOK

## ချစ်ရပါသော "မယ်" (၁၆)

ကမ္ဘာကြီးမှာ နှစ်ခါပြန်မရတော့တဲ့ ချစ်ခြင်းမေတ္တာဟာ
တောင်တန်းတွေရယ်၊ နေကြာရိုင်းပန်းတွေ၊ ချယ်ရီပန်းတွေနဲ့
အဝေးက တိမ်စိုင်တွေဆီမှာ ချည်ထားလည်း မြဲပါတယ် "မယ်"
ရာသီဥတုလေး အေးလာတယ်လို့တော့ မထင်ပါဘူး
ဝေးနေကြလို့ပဲ ဖြစ်မှာပါ။

မြူဒါလင်း

Myawuttcho-book-case by saw
mgyoe.com

mgyoe.com
SAMPLE BOOK

## ချစ်ရပါသော "မယ်" (၁၇)

အချိန်အခါမရှိတော့မှ လူတစ်ယောက်ကို လွမ်းဖူးလား "မယ်"
တစ်စုံတစ်ယောက်ဆီက စာတိုလေးတစ်စောင်
ညမအိပ်ဘဲ မျှော်ခဲ့ဖူးလား "မယ်"
ဘယ်တုန်းကမှ "မယ်" မရှိတဲ့ ကမ္ဘာတွေမှာ မနေထိုင်ရဲခဲ့ပါဘူး။
ပန်းလေးတွေစိုက်မယ် ... "မယ့်" အပြုံးလေးတွေ ခေးမယ်။
နောင်ဘဝမကဘူး သံသရာအဆက်ဆက်
မင်းပဲချစ်ချင်တယ် "မယ်" ...။

မြူဒါလင်း

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

## ချစ်ရပါသော "မယ်" (၁၈)

"မယ်" ဘယ်သူ့ကိုမှ မချစ်လိုက်နဲ့နော်
ဆွဲမှမြဲမဲ့ လက်ကလေးဆိုလည်း ကိုယ် ဆွဲထားပါ့မယ်။
ချည်မှမြဲမယ်ဆိုတဲ့ သံယောဇဉ်ကြိုးတွေကိုလည်း
ကိုယ်ပဲ ချည်နှောင်ပါ့မယ်။
"မယ်" ... ရယ်
ကျွန်တော့်ကို မထားခဲ့လိုက်ပါနဲ့နော်။

မြူဒါလင်း

mgyoe.com
Myawuttcho-book-case by saw

mgyoe.com
SAMPLE BOOK

## ချစ်ရပါသော "မယ်" (၁၉)

"မယ်"...
မင်းသာ ကြောင်လေးတစ်ကောင်ဆို
ကိုယ့်အိမ်လေးဟာ မင်း အဝင်အထွက်လုပ်ဖို့
မကန့်သတ်ထားတဲ့ ချစ်ခြင်းမေတ္တာ နယ်မြေလေးပဲပေါ့။
အစာဝတဲ့အခါ ... ကစားလို့ဝတဲ့အခါ ထွက်သွားလိုက်
လုံခြုံမှုနဲ့ နားခိုရာကို လိုအပ်တဲ့အခါ ပြန်လာလိုက်
"မယ်" ... မင်းက ကြောင်လေးတစ်ကောင်ပဲနော်
ချစ်ဖို့လည်းသိပ်ကောင်းသလို သိပ်လည်းဆော့တတ်တယ်။
ကိုယ့်နှလုံးသားတွေတော့ ကြေမွလှချည်ရဲ့။

မြူဒါလင်း

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ရပါသော "မယ်" (၂၀)

အနေဝေးမှ သွေးအေးသွားတတ်တာ မဟုတ်ပဲ "မယ်" ...
တကယ်သာဝေးကြကြေးဆို ကျောချင်းကပ်ရပ်နဲ့
ကြွေပြားစေ့ပေါ်က ခေါင်းနဲ့ပန်းလို အခြေအနေမျိုးမှာလည်း
မိုင်ပေါင်းကုဋေကုဋာ ဝေးကြခြင်းမျိုးပါပဲ "မယ်" ...။

မြူဒါလင်း


mgyoe.com

mgyoe.com
SAMPLE BOOK

ချစ်ရပါသော "မယ်" (၂၁)

ဘုရားသခင်ပြောတဲ့ နိဗ္ဗာန်အိမ်ငယ်လေးက
မင်းအနားနား ရှိနေရုံနဲ့ ပြည့်စုံခဲ့သလိုမျိုးပေါ့။
အခုနေမက်ခဲ့တဲ့ အိပ်မက်လေးကနေ
ဟိုးအနာဂတ် မိသားစုအိမ်ငယ်လေးဆီ
နောက်ဆို ပိုဂရုစိုက်ပြီး ချစ်ပါ့မယ် "မယ်" ရယ်။

မြူဒါလင်း

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

## ချစ်ရပါသော "မယ်" (၂၂)

ဘဝဆိုတာ အချိန်ပြည့်ခုတ်မောင်းနေရတဲ့ မီးရထားတစ်စင်းလိုပါပဲ။ အဲဒီမီးရထား ဘူတာလေးကနေ ဖြတ်သန်းသွားခဲ့ရတဲ့ မှတ်တိုင်လေးတွေရှိတယ်။ တချို့တွေက ဘူတာရုံလေးကနေ တစ်ဘဝလုံးစာ သယ်ဆောင်သွားဖို့ ရပ်စောင့်နေတာ။ တချို့ကျတော့ ရေစက်ရှိရုံ ခဏလေးတွေ့ဆုံပြီးရင် ပြန်ထွက်သွားမှာ။ ဘာပဲဖြစ်ဖြစ် မီးရထားလေးကတော့ လမ်းဆုံးအထိ ခုတ်မောင်းနေရဦးမှာ မဟုတ်လား။

နေဝင်ချိန်တွေလည်း အတူတူ ငေးကြည့်ခဲ့ကြတယ်။ မိုးရွာချိန်တွေလည်း အတူတူ ဖြတ်သန်းခဲ့ကြတယ်။

"မယ်" ... ကိုယ်တို့ ဘယ်ဘူတာမှာများ ထပ်လွဲကြဦးမလဲနော်။

မြူဒါလင်း


mgyoe.com

ချစ်ရပါသော "မယ်" (၂၃)

တစ်ယောက်တည်း မတိုက်ရဲတဲ့ တိုက်ပွဲမို့
မင်းလက်လေး ဆွဲခေါ်ခဲ့မိတာပါ "မယ်"
သံသရာတစ်ထောင့် ဘယ်ဘဝတွေ့တွေ့
မမေ့ဘူးမဟုတ်လားဟင်။

မြူဒါလင်း


mgyoe.com

mgyoe.com SAMPLE BOOK

## ချစ်ရပါသော "မယ်" (၂၄)

အချစ်က နေရာတိုင်း အသုံးမဝင်ဘူးတဲ့လား။ ကိုယ့်မှာလည်း ကိုယ့်ခံစားချက်နဲ့ကိုယ်၊ မင်းမှာလည်း မင်းခံစားချက်နဲ့မင်း။ ဒဏ်ရာတွေကိုယ်စီနဲ့ပဲမို့ အပြစ်မပြောလိုပါ။ ချစ်ခြင်းမေတ္တာရဲ့ ခေါင်းစဉ်အောက်မှာတော့ ပန်းနဲ့ ပေါက်လည်း နာရပါတယ် "မယ်"...။ အနာခံမှ အသာစံရမယ်ဆိုလည်း နာသမျှ ကိုယ်ခံပါ့မယ်။ သာသမျှ မင်းစံပါ။

ရယူခြင်းက အချစ်မဟုတ်ဘူးဆိုရင် ပေးဆပ်ခြင်းလည်း ဝေးရတာပါပဲ။ ဘာမိတွန်လောက်နဲ့ ဒီဒဏ်ရာ အိပ်ပျော်နိုင်မယ်မထင်။ ကြင်နာခြင်းက အစ နာကျင်ခြင်းတွေအဆုံး မင်းနဲ့ပတ်သက်ရင် ကိုယ့်မှာ တယုတယ။

ဘုရားရေ ... သံသရာတစ်ထောင့် ဒီရေစက်လေးနဲ့ မလွဲပါရစေနဲ့။ အဲဒီသွားတက်အစွယ်လေးတွေမှာ တပည့်တော်ရဲ့ ဘဝကလေး ဖြစ်တည်ရပါစေ အရှင်ဘုရား။ ဒါကို ဒုက္ခသစ္စာဆို ငရဲဆိုလည်း ခံပါ့မယ်။

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းထဲက တစ်ဦးပိုင်ရာဂလေးပဲမို့ "မယ်" လို့ သမုတ်ခေါ်ဝေါ်လိုက်မယ်။ သံသရာတစ်လျှောက် မင်းချွတ်မှကျွတ်မဲ့ ရုပ်နာမ်လေးပါပဲ "မယ်" ရယ်။

မြူဒါလင်း

Myawuttcho-book-case by saw

mgyoe.com